## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၂၀၅/၂၀၂၄)

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၃ အရ မြို့နယ်တရားရုံးများအား တန်ဖိုးကျပ် သိန်း ၅၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ အရ မြို့နယ်တရားရုံးရှိ အောက်ဖော်ပြပါ တရားသူကြီးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်အတိုင်း တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် တရားမစီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | စီရင်ပိုင်ခွင့်အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး | အပ်နှင်းသည့် တရားမစီရင်ပိုင်ခွင့်အာဏာ |
|---|---|---|
| (က) | မြို့နယ်တရားသူကြီး | တန်ဖိုးကျပ် သိန်း ၅၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |
| (ခ) | တွဲဖက်မြို့နယ်တရားသူကြီး | တန်ဖိုးကျပ် သိန်း ၅၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |
| (ဂ) | ဒုတိယမြို့နယ်တရားသူကြီး | တန်ဖိုးကျပ် သိန်း ၂၀၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကို စီရင်ရန် စီရင်ပိုင်ခွင့်အာဏာ |

၃။ မြို့နယ်တရားသူကြီးသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်တရားရုံးရှိ တရားသူကြီးများအား အမှုများကို စီရင်ရန် လွှဲအပ်ရမည်။ မြို့နယ်တရားသူကြီး ခေတ္တရုံးမထိုင်နိုင်သည့်အခါ ၎င်းက တာဝန်လွှဲအပ်ထားသော တရားသူကြီးသည် မြို့နယ်တရားသူကြီးကိုယ်စား အမှုများကို လွှဲအပ်နိုင်သည်။

၄။ ငွေကြေးဆိုင်ရာ စီရင်ပိုင်ခွင့်အာဏာအလျောက် မြို့နယ်တရားရုံးများတွင် စွဲဆိုလာသော ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ စွဲဆိုသောအမှုများကို ဒုတိယမြို့နယ်တရားသူကြီးများအား လွှဲအပ်စီရင်စေခြင်းမပြုဘဲ မြို့နယ်တရားသူကြီးကိုယ်တိုင်ဖြစ်စေ၊ တွဲဖက်မြို့နယ်တရားသူကြီးအား လွှဲအပ်၍ဖြစ်စေ စစ်ဆေးစီရင်ရမည်။

၅။ မြို့နယ်တရားသူကြီးသည် မိမိကလွှဲအပ်ထားသောအမှုကို ပြန်လည်တောင်းခေါ်၍ မိမိကိုယ်တိုင် စီရင်ခြင်း၊ မြို့နယ်တရားရုံးရှိ အခြားတရားသူကြီးတစ်ဦးအား လွှဲအပ်စီရင်စေခြင်း လုပ်ပိုင်ခွင့်များ ကျင့်သုံးနိုင်သည်။

၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများတွင် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ စွဲဆို၊ စစ်ဆေးစီရင်လျက်ရှိသော အမှုများကို မြို့နယ်တရားရုံးသို့ လွှဲပြောင်းပေးခြင်းမပြုဘဲ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများကသာ ဆက်လက်စစ်ဆေးစီရင်သွားရမည်။

၇။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်) မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၁) ကို ဤအမိန့်ကြော်ငြာစာ အကျိုးသက်ရောက်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

( သာဌေး )
ပြည်ထောင်စုတရားသူကြီးချုပ်

စာအမှတ်၊ ၁၈ / ၁၁၀ / ပတခ (၃၂၅/၂၀၂၄)
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

**ဖြန့်ဝေခြင်း**

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်အားလုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အားလုံး

တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးအားလုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးရုံးအားလုံး
တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးအားလုံး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားသူကြီး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးအားလုံး
ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီးအားလုံး
ခရိုင်တရားရုံးအားလုံး
ခရိုင်တရားသူကြီးအားလုံး
တွဲဖက်ခရိုင်တရားသူကြီးအားလုံး
ဒုတိယခရိုင်တရားသူကြီးအားလုံး
မြို့နယ်တရားရုံးအားလုံး
မြို့နယ်တရားသူကြီးအားလုံး
တွဲဖက်မြို့နယ်တရားသူကြီးအားလုံး
ဒုတိယမြို့နယ်တရားသူကြီးအားလုံး

မိတ္တူကို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ

အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

လက်ထောက်အတွင်းဝန်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ရုံးလက်ခံ/မျှော